# COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူလူထုသို့ အသိပေးနှိုးဆော်ခြင်း

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်

- မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုများ ထပ်မံ၍ ပြင်းထန်စွာ မဖြစ်ပွားစေရန် COVID-19 ကာကွယ်ဆေးထိုးနှံခြင်း နည်းလမ်းတစ်ခုတည်းဖြင့် မလုံလောက်ပါ။

- **ပြည်သူအများစုက အပြင်ထွက်တိုင်း နှာခေါင်းစည်း (Mask) အား မဖြစ်မနေ ဝတ်ဆင်ခြင်းကို ဆက်လက်လိုက်နာဆောင်ရွက်ရန်နှင့် လူအများ နီးကပ်စွာ စုဝေးရောက်ရှိနေနိုင်သည့် လူစည်ကား ထူထပ်ရာ နေရာများနှင့် ပွဲလမ်းဖျော်ဖြေမှုများသို့ မသွားရောက်ကြရန် အရေးတကြီး လိုအပ်လျက်ရှိပါသည်။**

- သုတေသနတွေ့ရှိချက်များအရ **ပြည်သူလူထု၏ (၇၅%)** က နှာခေါင်းစည်း (Mask) ကို သုံးစွဲနည်း မှန်မှန်ကန်ကန်ဖြင့် စွဲစွဲမြဲမြဲ ဝတ်ဆင်ကြမည်ဆိုပါက COVID-19 လူနာအသစ် ကူးစက်ဖြစ်ပွားမှု (၆၂%) ကျော်ကို လျှော့ချနိုင်မည် ဖြစ်ပါသည်။

- ထို့အတူ လူစည်ကားထူထပ်ရာ နေရာများနှင့် ပွဲလမ်းဖျော်ဖြေမှုများအား ရှောင်ရှားခြင်းကို **ပြည်သူလူထု၏ (၇၀%)** က တိတိကျကျ လိုက်နာပါက COVID-19 ကပ်ရောဂါအသွင် ဖြစ်ပွားခြင်းမှ ကင်းဝေးနိုင်မည် ဖြစ်ပါသည်။

- အထူးသဖြင့် အကြမ်းဖက်စစ်ကောင်စီကို ပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ဆန့်ကျင်တော်လှန်နေကြသည့် ယခုကာလအတွင်း COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန် ပြည်သူများအနေဖြင့် လက်ဆေးခြင်း၊ Mask တပ်ခြင်း၊ လေဝင်လေထွက်မကောင်းသော အခန်းများနှင့် လူစည်ကားရာနေရာများကို ရှောင်ရှားခြင်း၊ တစ်ဦးနှင့် တစ်ဦး (၆) ပေ ခွာနေခြင်း အစရှိသည့် COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများကို အစဉ်သတိထား၍ ဆက်လက်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းအသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ
https://moh.nugmyanmar.org/